ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးခြင်းသည် အပြုသဘောဆောင်သည့် ခြေလှမ်းတစ်ခုဖြစ်ကြောင်း APHR က ပြောကြား

ဂျာကာတာ၊ ဧပြီလ ၁၁ ရက်၊ ၂၀၁၆ ခုနှစ်။ မြန်မာနိုင်ငံရှိနိုင်ငံရေးအကျဉ်းသားတစ်ရာကျော်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းကို အရှေ့တောင်အာရှဒေသတစ်ခွင်မှ လွှတ်တော်အမတ်များကကြိုဆိုခဲ့ကြပြီး အဆိုပါကာလရှည်ကြာစောင့်စားခဲ့ရသည့်ဆောင်ရွက်ချက်သည် မြန်မာနိုင်ငံရှိလူ့အခွင့်အရေးဆိုင်ရာစိန်ခေါ်မှုများအား အစိုးရသစ်လက်ထက်တွင် ပိုမို၍အလေးထားဖြေရှင်းသွားမည့် လက္ခဏာဖြစ်မည်ဟုမျှော်လင့်နေကြကြောင်းအား ပြောကြားခဲ့ပါသည်။

"ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့သူတွေကိုလွှတ်ပေးဖို့ အခုအစိုးရသစ်အနေနဲ့ လျင်လျင်မြန်မြန်နဲ့ ပြတ်ပြတ်သားသား ဆောင်ရွက်လိုက်တာကိုမြင်ရတာအတော်ကိုစိတ်အားတက်ကြွဖွယ်ရာဖြစ်ပါတယ်။ ဒီကိစ္စဟာ အရမ်းကိုအပြုသဘောဆောင်တဲ့ ခြေလှမ်းတစ်ခုဖြစ်ပြီး ကောင်းမွန်တဲ့စေတနာကိုလည်းရှင်းရှင်းလင်းလင်းမြင်ရတဲ့ လက္ခဏာတစ်ခုပါ။" ဟု APHR အဖွဲ့၏ဥက္ကဌဖြစ်သူ မလေးရှားနိုင်ငံလွှတ်တော်အမတ် Charles Santiago က ပြောကြားခဲ့သည်။ "မကြာခင်အချိန်မှာလည်း နိုင်ငံရေးအကျဉ်းသားများကိုထပ်လွှတ်ပေးပြီး ဖိနှိပ်ချုပ်ချယ်မှုတွေရှိနေတဲ့ လက်ရှိဥပဒေရေးရာမူဘောင်ကိုပြင်ဆင်သွားဖို့ ကြိုးပမ်းမှုတွေပြုလုပ်လာလိမ့်မယ်လို့လည်းမျှော်လင့်မိပါတယ်။" ဟုရင်းကဆက်လက်ပြောကြားခဲ့သည်။

ဧပြီလ ၈ ရက်၊ သောကြာနေ့တွင် နိုင်ငံရေးအကျဉ်းသား အနည်းဆုံး ၁၁၃ ဦးအားလွှတ်ပေးခဲ့ပြီးနောက်အဆိုပါအမှုများနှင့်စပ်လျဉ်းပြီး တရားရင်ဆိုင်လျက်ရှိသူများအား ထပ်မံလွှတ်ပေးရန် အစိုးရအနေဖြင့်ရည်စူးထားကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ကြေညာခဲ့ပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများစာရင်းတွင် အမျိုးသားပညာရေးဥပဒေအား ကန့်ကွက်ဆန္ဒပြကာချီတက်ခဲ့ကြသည့်ကိစ္စကြောင့် ၂၀၁၅ ခုနှစ်၊ မတ်လကတည်းက ပဲခူးတိုင်းရှိ သာယာဝတီအကျဉ်းထောင်အတွင်းတွင် ထိန်းသိမ်းခံခဲ့ရပြီး ယခုအချိန်ထိ တရားရင်ဆိုင်နေရဆဲဖြစ်သော ကျောင်းသားများလည်း ပါဝင်ပါသည်။

ကျောင်းသားများအားလွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည့်အဆိုပါကိစ္စကို APHR မှ ချီးကျူးဂုဏ်ပြုခဲ့ပြီး ထောင်ထဲတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကျန်ရှိနေသေးကြောင်းအားလည်း သတိပေးပြောဆိုခဲ့ပါသည်။

"လုပ်စရာတွေကတော့ကျန်ပါသေးတယ်။ နိုင်ငံရေးအကျဉ်းသားများစွာဟာလည်း သူတို့လွတ်မြောက်နိုင်ဖို့အတွက် စောင့်ဆိုင်းနေကြပါသေးတယ်။" ဟု APHR ၏ ဒုတိယဥက္ကဌတစ်ဦးဖြစ်သူကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်အမတ် Son Chhay ကပြောကြားခဲ့သည်။ "လာမယ့်ရက်တွေမှာထပ်လွှတ်ပေးဦးမယ်လို့ကြားရတာ အားရဖို့ကောင်းပါတယ်။ ထပ်လွှတ်ပေးမယ့်သတင်းတွေကို ကျွန်တော်တို့တက်တက်ကြွကြွနဲ့ စောင့်ဆိုင်းနေမှာဖြစ်ပြီး မြန်မာနိုင်ငံမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့သူတွေ လုံးဝမရှိတော့မယ့်နေ့ကိုလည်းမျှော်မှန်းနေမှာဖြစ်ပါတယ်။" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများကို တာဝန်ရှိသူများက ဖမ်းဆီးခွင့်နဲ့ချုပ်နှောင်ခွင့်များအပ်နှင်းထားသည့် ဥပဒေများအား ပြန်လည်ပြင်ဆင်နိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရသစ်အနေနဲ့ စတင်ဆောင်ရွက်သင့်ကြောင်းလည်း APHR က ပြောကြားခဲ့ပါသည်။ ထို့အတူပင် ဒေသတွင်းနိုင်ငံများနှင့်နိုင်ငံတကာမှလည်း မြန်မာနိုင်ငံတရားစီရင်ရေးကဏ္ဍအား ဆယ်စုနှစ်များစွာလစ်လျူရှုထားမှုများကိုရပ်တန့်ပြီး အဆိုပါကဏ္ဍအတွက် ကူညီထောက်ပံ့မှုများပံ့ပိုးပေးရန်လိုအပ်ကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်းလှည့်လည်ခွင့်ဥပဒေပုဒ်မ ၁၈ တို့အပါအဝင် တက်ကြွလှုပ်ရှားသူများနှင့်လူ့အခွင့်အရေးကာကွယ်သူများအားဖမ်းဆီးရန်အတွက် အသုံးပြုလေ့ရှိသည့်

ဥပဒေများအားပြင်ဆင်ရန်နှင့် ပြန်လည်ရေးဆွဲရန်အတွက် မကြာသေးမီက ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က အကြံပြုခဲ့သည်ကိုလည်း အဆိုပါလွှတ်တော်အမတ်များက အကောင်းမြင်ခဲ့ကြပါသည်။

"အခုလိုမျိုး နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်လိုက်ပြီးတဲ့နောက်မှာတော့ ကိုယ်နဲ့မတူညီတဲ့အမြင်တွေကိုဖိနှိပ်ဖို့နဲ့ မတရားမှုတွေကိုဆန့်ကျင်ပြီး ဆန္ဒဖော်ထုတ်တဲ့သူတွေကိုထောင်ချဖို့ နှစ်ပေါင်းများစွာအသုံးပြုခဲ့တဲ့ ဖိနှိပ်ချုပ်ချယ်တဲ့ ဥပဒေတွေကို ပြန်လည်ပြင်ဆင်သွားမယ်လို့ မျှော်လင့်ပါတယ်" ဟု Son Chhay က ပြောကြားခဲ့သည်။ "ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ဖို့ အစီအစဉ်ရှိတယ်လို့သိရတဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်။ ဥပဒေရေးရာမူဘောင်တွေကို ပြန်လည်ပြင်ဆင်မှုတွေပြုလုပ်မှုမရှိမချင်း စနစ်ကြီးကိုပြင်ဆင်လို့ရမှာမဟုတ်ပါဘူး။" ဟုလည်း ၎င်းကပြောကြားခဲ့သည်။

လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်းကိုလည်း အဆိုပါလွှတ်တော်အမတ်များက အလေးထားပြောကြားခဲ့ပြီး အစိုးရသစ်အနေဖြင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရန်ကြိုးပမ်းရာတွင် နိုင်ငံတကာမှ ကူညီထောက်ပံ့ပေးသင့်ကြောင်း ပြောကြားခဲ့သည်။

"ဥပဒေရေးရာမူဘောင်ရဲ့တိုးတက်ကောင်းမွန်မှုကို ရေရှည်တည်တံ့ခိုင်မြဲဖို့ဆိုရင် စစ်တပ်နဲ့ရဲတပ်ဖွဲ့အပါအဝင် လုံခြုံရေးအဖွဲ့အစည်းတွေကိုလည်း ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားမှုတွေဟာ အဲ့ဒီအဖွဲ့အစည်းတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေနဲ့ လုပ်ထုံးလုပ်နည်းတွေထဲမှာ စီးမျောပျော်ဝင်နေရမှာဖြစ်ပါတယ်။" ဟု APHR ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ အင်ဒိုနီးရှားနိုင်ငံလွှတ်တော်အမတ် Eva KusumaSundari က ပြောကြားခဲ့သည်။

"အဲ့ဒီပြောင်းလဲမှုတွေမရှိရင် ဥပဒေထဲမှာပါဝင်တဲ့အချက်တွေကတိုးတက်ကောင်းမွန်နေပေမယ့်လည်း မြန်မာနိုင်ငံသားတွေဟာ လူ့အခွင့်အရေးကိုအပြည့်အဝခံစားရမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အင်ဒိုနီးရှားနိုင်ငံမှာလည်း အဲ့ဒီသင်ခန်းစာမျိုးကို အတိတ်ကရရှိခဲ့ဘူးပါတယ်။" ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အကျဉ်းထောင်ထဲ၌ကျန်ရှိနေသူများတွင် မတရားအသင်းဥပဒေနှင့် ငြိစွန်းသည့်အတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ်နှစ်နှစ်ထပ်တိုးပြစ်ဒဏ်အား ပြီးခဲ့သည့်သောကြာနေ့တွင်မှ ချမှတ်ခြင်းခံခဲ့ရသည့် ဘာသာရေးဆိုင်ရာတက်ကြွလှုပ်ရှားသူနှစ်ဦးလည်း ပါဝင်နေပါသည်။

"အဲ့ဒီဘာသာရေးဆိုင်ရာတက်ကြွလှုပ်ရှားသူနှစ်ဦးကို ထောင်ဒဏ်ထပ်တိုးချမှတ်လိုက်ခြင်းဟာ အပြုသဘောပြောင်းလဲမှုတွေဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံရဲ့ အမှောင်ဘက်ခြမ်းကိုလှစ်ဟပြလိုက်သလိုပါပဲ။ မြန်မာနိုင်ငံဟာ ဘာသာရေးအခြေခံတဲ့ ခွဲခြားဆက်ဆံမှုတွေကြီးထွားလာမှုကိုခံစားနေရပြီး အဲ့ဒီကိစ္စရပ်တွေဟာ ပြုပြင်ပြောင်းလဲရေးရဲ့အောင်မြင်မှုအပေါ် ရေရှည်စိန်ခေါ်မှုတွေအဖြစ် ရှိနေမှာဖြစ်ပါတယ်။"ဟု Charles Santiago က ပြောကြားခဲ့သည်။

"ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုလှိုင်းဟာ ကျွန်တော်တို့ဒေသတစ်ခုလုံးကို သက်ရောက်နေတဲ့ပြဿနာတစ်ခုဖြစ်ပြီး အဲ့ဒီပြဿနာကိုရင်ဆိုင်ဖို့အတွက် ကျွန်တော်တို့အားလုံးလက်တွဲဆောင်ရွက်ရမှာဖြစ်ပါတယ်။" ဟုလည်း ၎င်းကဖြည့်စွက်ပြောကြားခဲ့ပါသည်။